ဖိတ်ချင်းဖိတ် ချင်းပါတီကိုသာ ဖိတ်

သတင်းရင်းမြစ် > ဆလိုင်းထွန်း
အင်္ဂါနေ့၊ အောက်တိုဘာလ ၁၉ ရက် ၂၀၁၀ ခုနှစ် ၂၀ နာရီ ၀၇ မိနစ်

နယူးဒေလီ (မဇ္ဈိမ) ။ □□□□။ ရွေးကောက်ပွဲကို စိတ်မဝင်စားသော်လည်း မဲပေးဖြစ်ပါက ချင်းပါတီများကိုသာ ဦးစားပေး မဲထည့်မည်ဟု ချင်းပြည်နယ် ၅ မြို့နယ်တွင်□မဇ္ဈိမမေးမြန်းခဲ့သည့် ၇ ဦးအနက် အများစုက ဖြေကြားသည်။

ဝန်ထမ်း အမျိုးသမီး (ဖလမ်းမြို့)

"အစမ်း မဲပေးခိုင်းတာ တချို့တွေ သွားတယ်။ ကျမ စိုးရိမ်တာက□အစမ်းမဲထည့်တဲ့ သူတွေက ကြိုက်သလို ပေးတာတဲ့။ အဲ့တာကို အတည်အဖြစ် သိမ်းထားမှာကို စိုးရိမ်တယ်။ ပါတီတွေ စည်းရုံးရေး လုပ်နေကြတယ်။ ချင်းတိုးတက်ရေးပါတီ CPP ၊ ချင်းအမျိုးသားပါတီ CNP ၊ ကြံ့ခိုင်တို့ အများကြီးရှိတယ်။ မဲပေးရမလား၊ မပေးရဘူးလားတောင် ဆုံးမဖြတ်ရသေးဘူး။ မဲပေးရင်တော့ CPP နဲ့ CNP ကိုပဲ မဲပေးမယ်။ ဝန်ထမ်းဆိုပေမယ့် ကျမက ချင်းလူမျိုးဆိုတော့ ချင်းပါတီက နိုင်ရင် ချင်းတွေအတွက် ပိုပြီး ကောင်းကျိုးရှိမလားလို့ပါ"




လူငယ်တဦး (ဟားခါး)

"ချင်းအမျိုးသားပါတီ CNP ရယ်၊ ကြံ့ခိုင်ရေးပဲ ရှိမှာ။ ဟားခါးမှာတော့ သိပ်စိတ်မဝင်စားကြပါဘူး။ ဟားခါးဘက်တော့ CNP နိုင်မယ် ထင်တာပဲ။ ရွေးကောက်ပွဲနဲ့ ပတ်သက်တာတွေကိုလည်း မဖတ်ဖြစ်ဘူး။ တရားမျှတတဲ့ ရွေးကောက်ပွဲပဲ ဖြစ်စေချင်တယ်။ အဲလိုဆိုရင်တော့ မဲပေးသင့်ရင် ပေးမှာပေါ့နော်။ အခုတော့ ပေးဖို့ဟာ မရှိဘူးလေ။ အိမ်ထောင်စုစာရင်း မရှိသေးတော့ အခုထိ သိပ်မသေချာသေးဘူး။ အဲတာလုပ်နိုင်ရင်တော့ ပေးမယ်။ CNP ကို မဲပေးမယ်။ ချင်းအမျိုးသားပါတီဆိုတော့ ပေးချင်တာပေါ့"

အိမ်ရှင်မတဦး (မင်းတပ်မြို့)

"ခံစားချက်တော့ ဘယ်လိုမှ မရှိဘူး။ ဘယ်ဟာကို ထည့်ရမှန်း၊ ဘယ်သူ့ကို မဲပေးရမှန်းတောင် မသိဘူး။ ပါတီတွေ မင်းတပ်မှာ သိပ်မလာဘူး။ ကြံ့ခိုင်ရေးကတော့ ရှိတယ်၊ လာတယ်။ သူတို့လဲ ကိုယ်က စိတ်ဝင်စားမှု မရှိတော့ မသိဘူး။ မဲကတော့ ပေးမှာ။ ဒါပေမဲ့ အခုထက်ထိ ဘယ်သူ့ကို ပေးရမှန်း မသိဘူး။ ရွေးကောက်ပွဲအကြောင်းကို တီဗီထဲမှာတော့ ကြည့်နေရတယ်။ စိတ်မဝင်စားဘူး။ ရွေးကောက်ပွဲပြီးလဲ ဒီအတိုင်းပဲ ဖြစ်မယ်ထင်တယ်။ မထူးခြားပါဘူး ထင်တယ်"

ကုန်ခြောက်ဆိုင်ပိုင်ရှင် အမျိုးသမီး (ဖလမ်းမြို့)

"ချင်းတိုးတက်ရေးပါတီ CPP ကို ကြိုက်တယ်။ လက်ရှိအခြေအနေမှာတော့ CPP ကို မဲပေးမယ်။ CPP ကို ရွေးရတာက ချင်းလူမျိုး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာလေးကို ကြိုက်နှစ်သက်လို့ပါ။ ရွေးကောက်ပွဲကို စိတ်ဝင်စားတာတော့ မရှိပါဘူး။ ဒီမှာ ထွေထွေထူးထူး လှုပ်ရှားမှု မရှိတော့ ငြိမ်းချမ်းစွာပဲ ရွေးကောက်ပွဲ ပြီးသွားမှာပါ။ ဒီမိုကရေစီရရင်တော့ ကျမတို့ ပိုပြီး အဆင်ပြေမယ်လို့ ခံစားပါတယ်။ မဲပေးမှာကလဲ ဒါကြောင့်ပဲ။ CPP က ချင်းပြည်နယ်ကို အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင် အတတ်နိုင်ဆုံး ဆောင်ရွက်သွားမယ်လို့တော့ ပြောပါတယ်"




ကုန်ခြောက်ဆိုင်ပိုင်ရှင် အမျိုးသား (တီးတိန်မြို့)

"တီးတိန်မှာ CPP ၊ CNP ၊ NUP နဲ့ ကြံ့ခိုင်ရေးတို့ ရှိတယ်။ ဘယ်ပါတီကို စိတ်ဝင်စားမှန်းတောင် မသိသေးဘူးနော်။ ဘယ်ပါတီကို မဲပေးမှာ မသိသေးဘူး"

ဝန်ထမ်း အမျိုးသား (တွန်းဇံမြို့နယ်)

"တပ်မတော်အစိုးရက သူတို့ရဖို့ကိုပဲ စီစဉ်ထားတာဆိုတော့ တိုင်းရင်းသားပါတီတွေထောင်ပေမယ့်

အစိုးရဖွဲ့နိုင်မယ့် အခြေအနေမှ မရှိတော့တာ။ ၉၀ တုန်းကလို သူများတွေလဲ သိပ်ပြီးတော့ စိတ်ပါဝင်စားမှု မရှိကြဘူး။ ဘာကြောင့်လဲဆိုတော့ ကြံ့ဖွံ့ကိုပဲ မဲပေးရမယ်လို့ လုပ်ထားတယ်လေ။ ကျနော်ကျတော့ ဝန်ထမ်းတယောက်အနေနဲ့ မဲပေးကို ပေးရမယ်လို့ ထင်တယ်။ သတင်းရထားတာက ကြံ့ဖွံ့ပါတီကို မဲပေးဖို့ ဝန်ထမ်းသမားတွေ ပြောထားတယ်လို့ ကြားတယ်နော်။ ကြံ့ဖွံ့ကို မဲပေးမယ်ဆိုတာကလဲ ဝန်ထမ်းတယောက်အနေနဲ့ ကျနော်တယောက်ပဲ ရှန်းကန်လို့မှ မရတာ။ ချင်းတိုးတက်ရေးပါတီ CPP ၊ တစည်နဲ့ ကြံ့ဖွံ့ပါတီတို့ ရှိတယ်။ □ဒီမိုကရေစီနဲ့ အိန္ဒိယနိုင်ငံလို မဲလွတ်လပ်စွာ ထည့်နိုင်တယ်ဆိုလို့ရှိရင်တော့ CPP ကို မဲပေးမယ်။ လွတ်လပ်မှုမရှိဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီ၊ လွတ်လွတ်လပ်လပ် ပြောရေးဆိုခွင့်တို့ရှိလို့ရှိရင် ကောင်းမယ်”

အိမ်ရှင်မတဦး (ဟားခါး)

“မဲပေးမှာလား၊ မပေးမှာလားတောင် မသိဘူး။ ဘာမှ လာပြောထားတာလဲ မရှိသေးဘူး။ ရွေးကောက်ပွဲအကြောင်းတောင် မစဉ်းစားဖူးဘူး။ အလုပ်ရှုပ်တယ်၊ အားလည်း မအားတော့ ဒီကြောင်းတွေ မစဉ်းစားမိဘူး။ ရွေးကောက်ပွဲကို စိတ်မဝင်စားဘူး။ သူများတွေ မဲအကုန်ပေးရင်တော့ ပေးမှာပေါ့။ အမှန်တကယ် စိတ်မဝင်စားတာလဲပါတော့ ဘယ်ပါတီ မဲပေးရမယ်တောင် မသိဘူး။ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ဘာသင်တန်းကိုမှလည်း မတက်တော့ ကိုယ့်ဟာကိုယ် အေးဆေးပဲ နေနေတာ။ ဘယ်ပါတီတွေ ရှိမှန်းတောင် မသိဘူး။ ဒီမိုကရေစီ စတဲ့ ကောင်းမယ့်ဟာကို အကုန်ကြိုက်တယ်။ ဒါပေမဲ့ တကယ့်အတွင်းထဲမှာ ဘယ်ဟာတွေ ကောင်းမယ်ဆိုတာကို မသိလို့ ဘာမှ မစဉ်းစားတာ”